ဝိသုဒ္ဓိမဂ် လေ့ကျင့်ခန်းမေးခွန်း အမှတ် ၁၆
အာနာပါနဿတိ (စာမျက်နှာ ၂၄-မှ အဆုံးထိ)

(က) အောက်ပါတို့ကို အမှား/အမှန် ရွေးခဲ့ပါ။

၁။ အထူးဝိသေသ-ဟူသည် သံယောဇဉ် ကိလေသာတို့၏ အကြွင်းအကျန်မရှိ ကင်းခြင်းကို ဆိုလို၏။

၂။ အချို့သော ပုဂ္ဂိုလ်တို့မှာ ရေတွက်ခြင်းကို နှလုံးသွင်းရာကာလ၌ပင် ဝင်လေထွက်လေ ချုပ်ကာ ကိုယ်စိတ်ပေါ့ပါးပြီး ကောင်းကင်ထဲ ပျံတက်သကဲ့သို့ ခံစားရ၏။

၃။ ဤအာနာပါန ကမ္မဋ္ဌာန်းသည် ကြာကြာပွားလေ ထင်ရှားလေ ဖြစ်၏။

၄။ နိရောဓသမာပတ် ဝင်စားနေသူသည် အသက်ရှူမြဲ ရှူလျက်သာ ရှိ၏။

၅။ အာနာပါန ချုပ်ပျောက်သွားလျှင် ရှူနေကျ နှာသီးဖျား၌သာ စိတ်ကိုထား၍ ရှူအပ်၏။

၆။ ဤအာနာပါန ကမ္မဋ္ဌာန်းသည် သတိပညာ အားနည်းသူများအားလည်း ထင်ရှားနိုင်သည်သာ။

၇။ ကမ္မဋ္ဌာန်းသည် တစ်ခုတည်း ဖြစ်ပါလျက် နိမိတ်အမျိုးမျိုး ထင်ကြခြင်းမှာ ဘာဝနာသညာ ကွဲပြားခြင်းကြောင့် ဖြစ်သည်။

၈။ နှာသီးဖျား-ဝင်လေ-ထွက်လေဟု အာရုံသုံးခုရှိသောကြောင့် တပြိုင်တည်း ထိုသုံးပါးလုံးကို မသိနိုင်။

၉။ အာရုံနိမိတ်များ ထင်လာလျှင် ဝင်လေထွက်လေတို့၏ အတို-အရှည် စသည်တို့သည် ကွယ်ပျောက်သွားလေ၏။

၁၀။ ပဋိဘာဂနိမိတ် ထင်လာလျှင် ထိုနိမိတ်ကို မမြဲခြင်း အနိစ္စ စသော သာမညလက္ခဏာ အားဖြင့်ဆင်ခြင်ရမည်။

(ခ) အောက်ပါတို့ကို အမှန်တစ်ခုကိုသာ ရွေးခဲ့ပါ။

၁။ တပည့်က "ဤကဲ့သို့သော အာရုံ ထင်ပါသည်"ဟု ပြောလျှင် ဆရာက နိမိတ် ဟုတ်သည်-မဟုတ်သည်ကို တိတိကျကျ ဖြေရမည်ဟု ဆိုသော အဌကထာ ဆရာမှာ-

က။ ဒီဃနိကာယ်ဆောင် ဆရာများ၊

ခ။ မဇ္ဈိမနိကာယ်ဆောင် ဆရာများ၊

ဂ။ သံယုတ္တနိကာယ်ဆောင် ဆရာများ၊

၂။ အသက်ရှူလေတို့၏ ဖြစ်ရခြင်း အကြောင်းမှာ-

က။ ရုပ်ခန္ဓာကိုယ်

ခ။ စိတ်

ဂ။ အထက်ပါ နှစ်ပါးစုံ

၃။ သုခပဋိသံဝေဒီ-ဟူသောပုဒ်၌ သုခကိုသိရန် စျာန်ဝင်စားရာဝယ် **<u>မပါသော စျာန်ကိုသာ</u>** ညွှန်ပြခဲ့ပါ။

က။ ပထမစျာန်

ခ။ ဒုတိယစျာန်

ဂ။ တတိယစျာန်

ဃ။ စတုတ္ထစျာန်

၄။ စိတ္တသင်္ခါရ ပဋိသံဝေဒီ-၌ စိတ္တသင်္ခါရ၏ အရကောက်မှာ-

က။ စိတ်နှင့် စေတသိက်

ခ။ ဝေဒနာနှင့် သညာ

ဂ။ ရုပ်နှင့် နာမ်

၅။ "အဘိပ္ပမောဒယံ စိတ္တံ-စိတ်ကို ဝမ်းမြောက်စေလျက်"ဟူရာ၌ စိတ်ကို ဝမ်းမြောက်စေရန်-

က။ သမာဓိ၏ အစွမ်းဖြင့် ဝမ်းမြောက်စေ၏။

ခ။ ဝိပဿနာ၏ အစွမ်းဖြင့် ဝမ်းမြောက်စေ၏။

ဂ။ အထက်ပါ နှစ်ပါးလုံးဖြင့် ဝမ်းမြောက်စေ၏။

၆။ "သမာဒဟံ စိတ္တံ-စိတ်ကို ကောင်းစွာထားလျက်" ဟူရာ၌ **ဝိပဿနာ ရှုခိုက်၌** ထားသော သမာဓိမှာ-

က။ ဥပစာရ သမာဓိ

ခ။ အပ္ပနာ သမာဓိ

ဂ။ ခဏိက သမာဓိ

၇။ "ဝိမောစယံ စိတ္တံ- စိတ်ကို လွတ်စေလျက်" ဟူရာ၌ စျာန်ကို ဝင်စားပြီး စိတ်ကို လွတ်စေရာ၌-

က။ ပထမစျာန်ဖြင့် နီဝရဏတို့မှ စိတ်ကို လွတ်စေ၏။

ခ။ ဒုတိယစျာန်ဖြင့် ဝိတက်-ဝိစာရတို့မှ လွတ်စေ၏။

ဂ။ တတိယစျာန်ဖြင့် ပီတိမှ လွတ်စေ၏။

ဃ။ စတုတ္ထစျာန်ဖြင့် သုခ-ဒုက္ခတို့မှ စိတ်ကို လွတ်စေ၏။

င။ အထက်ပါ အားလုံး မှန်ပါသည်။

၈။ ဝိရာဂါနုပဿီ-၌ ဝိရာဂ-ပျက်ပြယ်ခြင်း ၂-မျိုးရှိရာ နိဗ္ဗာန်သည်-

က။ ခယ ဝိရာဂ မည်၏။

ခ။ အစ္စန္တ ဝိရာဂ မည်၏။

ဂ။ အာရမ္မဏ ဝိရာဂမည်၏။

၉။ အသက်ရှူလေတို့၏ နောက်ဆုံးဖြစ်ရာ စရိုမက (၃)မျိုးတို့တွင် ကာမဘုံမှနေ၍ ရူပ-အရူပဘုံသို့ ဖြစ်မည့်သူသည်-

က။ စျာန စရိုမက မည်၏။

ခ။ ဘဝ စရိုမက မည်၏။

ဂ။ စုတိ စရိုမက မည်၏။

၁၀။ စကြီးသွားရင် ပရိနိဗ္ဗာန်ပြုသွားသော ရဟန္တာမထေရ်ကြီး နေသောကျောင်းတိုက်မှာ-

က။ ကောဌေတောင် ကျောင်းတိုက်

ခ။ မဟာကရဏ္ဍိယ ကျောင်းတိုက်

ဂ။ စိတ္တလတောင် ကျောင်းတိုက်

(ဂ) အောက်ပါတို့ကို မှန်ကန်အောင် ယှဉ်တွဲပြပါ။

နွားပျောက်ဥပမာ၌-

၁။ ယောဂီသည်	က။ သွားနေကျ ရေဆိပ်နှင့် တူ၏။
၂။ ကြိုးသည်	ခ။ လယ်သမားနှင့် တူ၏။
၃။ ဝင်လေထွက်လေသည်	ဂ။ သတိနှင့် တူ၏။
၄။ နှာသီးဖျားသည်	ဃ။ ပညာနှင့် တူ၏။
၅။ နှင်တံသည်	င။ ပျောက်သွားသော နွားနှင့်တူ၏။

ဃ။ အောက်ပါတို့ကို မှန်အောင် တွဲစပ်ပေးပါ။

၁။ ဥပါဒ်, ဌီ, ဘင် တို့သည်-	က။ အနိစ္စတည်း။
၂။ ဖြစ်ဆဲ ခန္ဓာငါးပါးတို့သည်-	ခ။ အနိစ္စာနုပဿီတည်း။
၃။ ဖြစ်-တည်-ပျက်ဟူသော အနိစ္စလက္ခဏာကို မြင်အောင် ရှုမြင်ခြင်းသည်-	ဂ။ အနိစ္စလက္ခဏာတည်း။
၄။ မမြဲဟု ရှုမြင်သော ဉာဏ်အမြင်နှင့် ပြည့်စုံသူသည်-	ဃ။ အနိစ္စာနုပဿနာတည်း။